ကိုယ်တော်သည်နတ်မိစ္ဆာများထိုသို့ဟစ်အော် သည်ကိုဟန့်တားတော်မူပြီးလျှ
သူတို့အား စကားပြောခွင့်ပေးတော်မမူ။ အဘယ်ကြောင့်
ဆိုသော်သူတို့သည်ကိုယ်တော်မေရှိယဖြစ် ကြောင်းကိုသိကြသောကြောင့်ဖြစ်

### တရားဇရပ်များတွင်ဟောပြောတော်မူခြင်း
(မာ၊ ၁:၃၅-၃၉)

42 မိုးလင်းသောအခါကပေရနောင်မြို့မှထွက်ခွာ
၍ဆိတ်ငြိမ်ရာအရပ်သို့ကြွတော်မူ၏။ လူတို့သည်
ကိုယ်တော်ကိုရှာကြ၏။ ရှာ၍တွေ့သောအခါမိမိ
တို့ထံမှထွက်ခွာသွားတော်မမူစေရန်ကြိုးစား ကြ၏။-
43 သို့ရာတွင်ကိုယ်တော်က ``ငါသည်အခြားမြို့
များတွင်လည်းဘုရားသခင်၏နိုင်ငံတော် အကြောင်းသတင်းကောင်းကိုဟော
ရမည်။ ထိုသို့ဟောပြောကြေညာရန်အတွက်ငါ့ ကိုဘုရားသခင်စေလွှတ်တော်မ
ဟု မိန့်တော်မူ၏။
44 သို့ဖြစ်၍ကိုယ်တော်သည်ယုဒပြည်တရား ဇရပ်များတွင်ဟောတော်မူ၏။

# 5

### တပည့်တော်ဦးများကိုခေါ်ယူတော်မူခြင်း
(မ၊ ၄:၁၈-၂၂။ မာ၊ ၁:၁၆-၂၀)

1 တစ်နေ့သ၌ကိုယ်တော်သည်ဂင်နေသရက် အိုင်ကမ်းခြေတွင်ရပ်လျက်နေ
လူ တို့သည်ဘုရားသခင်၏နှုတ်ကပတ်တော်ကို
ကြားနာရန်ကိုယ်တော်၏အနီးသို့တိုးကြိတ် လာကြ၏။-
✡ 2 ထိုအခါကိုယ်တော်သည်ကမ်းနားမှာဆိုက်ထား
သောလှေနှစ်စင်းကိုမြင်တော်မူ၏။ တံငါသည် တို့သည်ထိုလှေများပေါ်မှဆင်း
မိမိ တို့၏ပိုက်ကွန်များကိုဆေးကြောလျက်နေ ကြ၏။-
3 ကိုယ်တော်သည်ထိုလှေနှစ်စင်းအနက်ရှိမုန်၏
လှေသို့တက်တော်မူပြီးလျှင်လှေကိုကမ်းမှ အနည်းငယ်ခွာစေရန်ရှိမုန်အားစေ
မူ၏။ ထိုနောက်ထိုင်၍လူပရိသတ်တို့အား ဟောပြောသွန်သင်တော်မူ၏။
4 ထိုသို့ဟောပြောသွန်သင်ပြီးသောအခါ ``ရေ
နက်ရာသို့ခွာထွက်လော့။ ငါးများဖမ်းမိစေ ရန်သင်နှင့်သင်တို့အဖော်တို့၏ကွန်
ကိုချလော့'' ဟုရှိမုန်အားမိန့်တော်မူ၏။
5 ရှိမုန်က ``သခင်၊ အကျွန်ုပ်တို့သည်တစ်ညလုံး
ကြိုးစား၍ငါးများကိုဖမ်းပါသော်လည်း ငါးတစ်ကောင်ကိုမျှမမိကြပါ။

✡ **5:1** မ၊ ၁၃:၁-၂။ မာ၊ ၃:၉-၁၀၊ ၄:၁။

# ဂလာတိဩဝါဒစာ

နိဒါန်း

ယုဒအမျိုးသားမဟုတ်သူတို့သည် သခင် ယေရှုအကြောင်းသတင်းကောင်း
လက်ခံယုံကြည်လာကြသောအခါ မောရှေ၏ ပညတ်တရားကိုစောင့်ထိန်းဖို့လို
သောပြဿနာပေါ်ပေါက်လာ၏။ ရှင်ပေါလုက ယင်းသို့စောင့်ထိန်းရန်မလိုကြေ
ခရစ်ယာန် ဖြစ်ရန်တစ်ခုတည်းသောလိုအပ်ချက်မှာ
ခရစ်တော်ကိုယုံကြည်ခြင်းပင်ဖြစ်ကြောင်း၊ ဤနည်း
အားဖြင့်သာလျှင်လူကိုဘုရားသခင်နှင့်မှန် ကန်စွာဆက်ဆံစေနိုင်ကြောင်းတို့ဂ
သည်။ သို့ရာတွင်အာရှမိုင်းနားဒေသ၊ ရောမ နိုင်ငံ၏လက်အောက်ခံပြည်နယ်
သည့်ဂလာတိပြည်ရှိအသင်းတော်များ တွင်ရှင်ပေါလုအားအတိုက်အခံပြုသူ
များက ခရစ်ယာန်ဟူသည်ဘုရားသခင်နှင့် မှန်ကန်စွာဆက်ဆံနိုင်ရန်
မောရှေ၏ပညတ် တရားကိုလည်းစောင့်ထိန်းဖို့လိုကြောင်း
အလေးအနက်ပြောဆိုကြ၏။

ယင်းသို့မှားယွင်းသည့်အယူဝါဒကိုခံယူမိ သူတို့အား
မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ရောက် ရှိနိုင်စေရန်
ရှင်ပေါလုသည်ဂလာတိဩဝါဒစာ ကိုရေးသားလေသည်။
မိမိသည်သခင်ယေရှုခရစ်၏တမန်တော်ဖြစ်ကြောင်းကိုအကျိုးအကြောင်း
နှင့်တကွဦးစွာတင်ပြ၏။ လူ၏အခွင့်အာဏာ နှင့်မိမိအားတမန်တော်အဖြစ်ခန်
မဟုတ်ဘဲ ဘုရားသခင်၏အခွင့်အာဏာတော် နှင့်သာခန့်ထားခြင်းဖြစ်ကြော
မိမိပေးအပ် ခြင်းခံရသည့်အထူးတာဝန်မှာ ယုဒအမျိုး
သားမဟုတ်သူတို့ထံတွင်အမှုတော်ဆောင်ရန် ဖြစ်ကြောင်းပြောပြီးနောက်၊
မည်သူမဆိုသခင် ယေရှုကိုယုံကြည်ခြင်းအားဖြင့်သာလျှင်
ဘုရား သခင်နှင့်မှန်ကန်စွာဆက်ဆံနိုင်သည်ဟူသော
အချက်ကိုအကျယ်တဝင့်ရှင်းလင်းတင်ပြ၏။ နိဂုံးချုပ်အခန်းများတွင်ခရစ်ယ
န်တို့သည် မိမိတို့၏ပြုမူကျင့်ကြံမှုတို့အားဖြင့် ခရစ်
တော်ကိုယုံကြည်မှုအပေါ်အခြေခံသော မေတ္တာတရားကိုအကောင်အထည်ဖေ
ဖြစ်ကြောင်းဩဝါဒပေးလေသည်။

**အကြောင်းအရာအကျဉ်းချုပ်**

နိဒါန်း ၁:၁-၁၀

မူသောအခွင့်ထူးတွင်ပါဝင်လုပ်ဆောင်ကြ ပေသည်။−
8 ငါသည်ခရစ်တော်ယေရှု၏မေတ္တာဖြင့်သင်တို့
အားလွန်စွာလွမ်းဆွတ်ကြောင်းဘုရားသခင် သည်ငါ့သက်သေဖြစ်တော်မူ၏။
9-10 သင်တို့သည်အမြတ်ဆုံးသောအရာကိုရွေးယူ
နိုင်အံ့သောငှာအသိပညာ၊ ပိုင်းခြားဝေဖန်တတ်
သောစွမ်းရည်တို့နှင့်ပြည့်စုံ၍မေတ္တာပါရမီတိုး သည်ထက်တိုးလာကြစေရန်သ
ငါဆုတောင်းပ တ္ ထနာပြုပါသည်။ သို့မှသာလျှင်
သင်တို့သည်ခရစ်တော်ကြွလာတော်မူသော နေ့ရက်၌အပြစ်ဆိုဖွယ်မရှိဘဲအည
အကြေးနှင့်ကင်းစင်လိမ့်မည်။− 11 ထို့အပြင်ဘုရားသခင်၏ဘုန်းအသရေတေ
ထွန်းတောက်စေရန်နှင့်ဂုဏ်တော်ကိုချီးကူး ကြစေရန်
ယေရှုခရစ်အားဖြင့်သာလျှင်ရ နိုင်သောစစ်မှန်သည့်အရည်အသွေးကောင်း
များနှင့်ပြည့်စုံလိမ့်မည်။

### အသက်ရှင်ခြင်းကားခရစ်တော်ပင်

12 ညီအစ်ကိုတို့၊ ငါတွေ့ကြုံရသည့်အဖြစ်အပျက်
များသည်သတင်းကောင်းကိုကြေညာရာတွင် အကယ်ပင်အထောက်အကူပေး
တို့အားသိစေလို၏။− 13 ငါသည်ခရစ်တော်၏အစေခံဖြစ်သည့်အတွက်
ကြောင့်ငါအကျဉ်းခံရလျက်နေရကြောင်းကို နန်းတော်အစောင့်တပ်တစ်တပ်
သူအပေါင်းတို့သိရှိကြပေသည်။−✡ 14 ဤသို့ငါအကျဉ်းခံရခြင်းကြောင့်ခရစ်ပ
န် ညီအစ်ကိုအများပင်သခင်ဘုရားအပေါ်တွင် ပို၍ယုံကြည်စိတ်ချလာကြ၏။
သို့ဖြစ်၍သူတို့ သည်မကြောက်မရွံ့ဘဲနှုတ်ကပတ်တရားတော်
ကိုပို၍ဟောပြောဝံ့ကြပေသည်။
15 အချို့သောသူတို့သည်မနာလိုသောစိတ်၊ ရန်တွေ့
လိုသောစိတ်နှင့်ခရစ်တော်အကြောင်းကိုဟော ပြောကြ၏။
အချို့သောသူတို့မူကားစေတနာ စိတ်နှင့်ဟောပြောကြပေသည်။−
16 ဤသူတို့သည်သခင်ယေရှုအကြောင်းသတင်း
ကောင်းကိုကာကွယ်ဟောပြောရန်ငါ့အားဘုရား သခင်ခန့်ထားတော်မူကြောင်း
မေတ္တာအလျောက်ဟောပြောကြခြင်းဖြစ်၏။− 17 အခြားသောသူတို့သည်ကား
အကြောင်းကိုစိတ်ရိုးသဘောရိုးဖြင့်မဟုတ်ဘဲ ကျော်ကြားလိုသောဆန္ဒဖြင့်ပေ
သူတို့၏အကြံမှာအကျဉ်းခံနေရသူငါ့ အားပို၍စိတ်ဒုက္ခရောက်စေရန်ပင်ဖြစ်၏
18 ဟောပြောသည့်နည်းမှာအရေးမကြီးပါ။ မှား
ယွင်းသောရည်ရွယ်ချက်ဖြင့်ဟောပြောသည်ဖြစ်စေ၊

✡ **1:13** တ၊ ၂၈:၃၀။

ခရစ်တော်ကြွလာချိန်၌တရားစီရင်တော်မူမည့် အကြောင်း

3 ငါတို့၏ညီအစ်ကိုတို့၊ သင်တို့ကိုအကြောင်းပြု၍
ဘုရားသခင်၏ကျေးဇူးတော်ကိုငါတို့ အစဉ်မပြတ်ချီးမွမ်းနေရကြသည်။
ယင်းသို့ ချီးမွမ်းသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော်
သင်တို့ယုံကြည်ခြင်းအလွန်တိုးပွားလျက် အချင်းချင်းတစ်ယောက်ကိုတစ်ပေ
ပိုမိုချစ်ခင်လျက်နေကြသောကြောင့်ဖြစ်၏။– 4 ထို့ကြောင့်ငါတို့ကိုယ်တိုင်ပင်
အကြောင်းကိုဘုရားသခင်၏အသင်းတော် များတွင်ဂုဏ်ယူပြောဆိုကြ၏။
သင်တို့သည် ညှဉ်းဆဲနှိပ်စက်ခြင်းနှင့်ဆင်းရဲဒုက္ခများကို
ခံရသော်လည်းကြံ့ခိုင်လျက်၊ ယုံကြည်ခြင်း ခိုင်မြဲလျက်ရှိသည်ကိုထောက်၍
ဂုဏ်ယူပြောဆိုကြ၏။
5 ဤတွင်ဘုရားသခင်၏စီရင်တော်မူချက် သည်တရားမျှတကြောင်းထင်ရှာ
သို့ ဖြစ်၍သင်တို့သည်ကိုယ်တော်၏နိုင်ငံတော်
နှင့်ထိုက်တန်သူများဖြစ်လာကြလိမ့်မည်။ သင်တို့သည်နိုင်ငံတော်အတွက်ကြေ
ယခုဆင်းရဲဒုက္ခခံနေရကြသည်။– 6 ဘုရားသခင်သည်တရားသဖြင့်စီရင်တော်
မူသောအရှင်ဖြစ်တော်မူသည်အတိုင်း သင်တို့ ကိုဆင်းရဲဒုက္ခရောက်စေသူတို့
ဒုက္ခရောက်စေတော်မူလိမ့်မည်။– 7-8 ယခုဆင်းရဲဒုက္ခရောက်လျက်ရှိသောသင်
နှင့်အတူငါတို့ကိုလည်းစိတ်သက်သာရ ရစေတော်မူလိမ့်မည်။
သခင်ယေရှုသည် တန်ခိုးကြီးသောကောင်းကင်တမန်များ
ခြံရံလျက်မီးလျှံနှင့်တကွ ကောင်းကင်ဘုံ မှကြွလာတော်မူသောအခါ၌ဘုရား
သခင်သည် မိမိကိုပစ်ပယ်သူတို့နှင့်ငါ တို့သခင်ယေရှုအကြောင်းသတင်းကော
ကိုမလိုက်နာသူတို့အားအပြစ်စီရင် တော်မူလိမ့်မည်။–
9-10 ကိုယ်တော်သည်မိမိလူစုတော်အားဖြင့် ဘုန်းအသရေကိုလည်းကောင်း၊
ယုံကြည်သူ အပေါင်းတို့၏ကြည်ညိုလေးစားခြင်းကို
လည်းကောင်းခံယူရန်တရားစီရင်တော်မူ ရာနေ့၌ကြွလာတော်မူသောအခါ
ထိုသူ တို့ခံရမည့်အပြစ်ဒဏ်မှာထာဝရဆုံးရှုံး ပျက်စီးခြင်းဖြစ်သည်။
တစ်နည်းအားဖြင့် သခင်ဘုရားရှေ့တော်မှလည်းကောင်း၊
ကိုယ် တော်၏ကြီးမြတ်သည့်ဘုန်းအသရေတော်
မှလည်းကောင်းပယ်ခြင်းပင်ဖြစ်သည်။ သင် တို့သည်ငါတို့ဟောပြောသက်သေ
ကိုယုံကြည်သည်ဖြစ်၍ကိုယ်တော်ကိုဂုဏ် ပြုချီးကူးသည့်လူစုတွင်ပါဝင်ကြ
မည်။✡
11 ဤအကြောင်းကြောင့်ငါတို့သည်သင်တို့ အတွက်အစဉ်အမြဲဆုတောင်းပ

---

✡ **1:9-10** ဟေရှာ၊ ၂:၁၀။

ကိုယ်တော်သည်သေ ခြင်းတရားကိုပယ်ရှားတော်မူပြီးလျှင်
သတင်းကောင်းအားဖြင့် သင်္ခါရကင်းခြင်း တရားကိုပေါ်လွင်ထင်ရှားစေတော်
မူသတည်း။
11 ဘုရားသခင်သည်ထိုသတင်းကောင်းကို ကြေညာရန်
ငါ့ကိုတမန်တော်နှင့်ဆရာ အဖြစ်ခန့်ထားတော်မူ၏။-
✡ 12 ထိုအကြောင်းကြောင့်ငါသည်ဤဆင်းရဲဒုက္ခများ
ကိုခံရခြင်းဖြစ်ပေသည်။ သို့ရာတွင်ငါ၌ယုံ ကြည်စိတ်ချမှုရှိသေး၏။
အဘယ်ကြောင့်ဆို သော်ငါသည်အဘယ်သူကိုကိုးစားသည်ကို
လည်းကောင်း၊ ထိုအရှင်၏လက်ဝယ်ငါပေးအပ်
ထားသောအရာကိုကိုယ်တော်ရှင်သည် တရား စီရင်တော်မူရာနေ့ရောက်သည်
စောင့်ထိန်းနိုင်တော်မူကြောင်းကိုလည်းကောင်း ငါအသေအချာသိသောကြော
13 ငါသွန်သင်သည့်မှန်ကန်သောဩဝါဒကို သင်လိုက်နာရန်စံနမူနာအဖြစ်စွဲမြဲစွ
ခံယူ၍ ခရစ်တော်ယေရှုနှင့်ငါတို့တစ်လုံး တစ်ဝတည်းဖြစ်ခြင်းအားဖြင့်ရရှိသ
ယုံကြည်ခြင်းတရားနှင့်မေတ္တာတရားကို စွဲလမ်းလော့။-
14 သင့်အားပေးအပ်ထားသောကောင်းမြတ်သည့်
အရာများကိုငါတို့တွင်ကိန်းအောင်းတော်မူ သောသန့်ရှင်းသောဝိညာဉ်တော်၏
တော်အားဖြင့်ထိန်းသိမ်းစောင့်ရှောက်လော့။
15 သင်သိရှိသည်အတိုင်းဖုဂေလုနှင့်ဟေရ မောဂင်တို့အပါအဝင်အာရှနယ်
နေသူအပေါင်းတို့သည်ငါတို့ကိုစွန့်သွား ကြလေပြီ။-
16 သခင်ဘုရားသည်ဩနေသိဖော်၏အိမ် ထောင်အားကရုဏာထားတော်မူပါ
သော။ ထိုသူသည်အကြိမ်ကြိမ်အဖန်ဖန် ငါ့အားစိတ်သက်သာစေ၏။
ငါသည်အကျဉ်း သားဖြစ်လျက်နေသော်လည်းသူသည်ငါ့
အတွက်မရှက်ဘဲ၊- 17 ရောမမြို့သို့ရောက်လျှင်ရောက်ခြင်းငါ့ကို
မတွေ့တွေ့အောင်ရှာ၏။- 18 ဖေက်မြို့တွင်သူသည်ငါ့အားအဘယ်မျှ
ပြုစုသည်ကိုသင်ကောင်းစွာသိ၏။ တရား စီရင်တော်မူရာနေ့ရက်ကာလ၌သခ
ဘုရားသည်သူ့အားကရုဏာတော်ကို ခံစားခွင့်ပေးသနားတော်မူပါစေသော။

# 2

ခရစ်တော်ယေရှု၏သစ္စာရှိစစ်သည်တော်

1 ငါ့သား၊ ခရစ်တော်ယေရှုနှင့်ငါတို့တစ်လုံး
တစ်ဝတည်းဖြစ်ခြင်းကြောင့် ရရှိသည့်ဆု ကျေးဇူးတော်အားဖြင့်သင်သည်ကြံ့
ခြင်းရှိလော့။- 2 အသိသက်သေများရှေ့တွင်ငါသွန်သင်ခဲ့

✡ **1:11** ၁တိ၊ ၂:၇။

1 ဘုရားသခင်နှင့်သခင်ယေရှုခရစ်၏အစေ ခံဖြစ်သူယာကုပ်သည်
ကမ္ဘာအရပ်ရပ်သို့ပျံ့နှံ့ လျက်ရှိသည့်ဘုရားသခင်၏လူစုတော်ဝင်
အပေါင်းတို့ထံသို့မေတ္တာပို့သလိုက်ပါသည်။✡

### ယုံကြည်ခြင်းနှင့်ဉာဏ်ပညာ

2 ငါ့ညီအစ်ကိုတို့၊ သင်တို့သည်စုံစမ်းနှောင့်ယှက်
ခြင်းအမျိုးမျိုးနှင့်တွေ့ကြုံရသောအခါ ဝမ်းမြောက်စရာဖြစ်သည်ဟုခံယူကြ
3 အဘယ်ကြောင့်ဆိုသော်သင်တို့၏ယုံကြည် ခြင်းကိုစစ်ကြောစုံစမ်းမှုသည်ခံ
ကိုဖြစ်ပွားစေကြောင်းသင်တို့သိကြသော ကြောင့်ဖြစ်၏။-
4 သင်တို့သည်မည်သည့်အရာမျှချို့တဲ့မှုမရှိ ဘဲပြည့်ဝစုံလင်ကြစေရန်အဆုံးဝ
ခံနိုင်ရည်ရှိရကြမည်။- 5 သင်တို့အနက်တစ်စုံတစ်ယောက်သည်ဉာဏ်
ပညာချို့တဲ့ပါလျှင် ဘုရားသခင်ထံတောင်း လျှောက်စေ။
ဘုရားသခင်သည်သူ့အားဉာဏ် ပညာကိုပေးသနားတော်မူလိမ့်မည်။
အဘယ် ကြောင့်ဆိုသော်ကိုယ်တော်သည်လူခပ်သိမ်းတို့
အားရက်ရောစွာကျေးဇူးပြုတော်မူတတ် သောကြောင့်ဖြစ်၏။-
6 သို့ရာတွင်သင်တို့သည်ယုံမှားသံသယမရှိ ဘဲယုံကြည်သောစိတ်နှင့်တောင်း
မည်။ ယုံမှားသံသယရှိသောသူသည်လေ တိုက်၍လှုပ်ရှားနေသောပင်လယ်လှို
7-8 ဤကဲ့သို့သောသူသည်စိတ်နှစ်ခွရှိသူ၊ ပြု လေသမျှတို့၌တည်ကြည်မှုမရှိသူ
သောကြောင့် ထာဝရဘုရား၏ထံတော်မှ တစ်စုံတစ်ရာကိုရရှိလိမ့်မည်ဟုမမှ
စေနှင့်။

### ဆင်းရဲခြင်းနှင့်ချမ်းသာခြင်း

9 ညီအစ်ကိုတစ်စုံတစ်ယောက်သည်မိမိအား နှိမ့်
ကျသည့်အခြေအနေမှ ဘုရားသခင်မြှင့် တင်ပေးလိုက်သောအခါဝမ်းမြောက်
10 ချမ်းသာကြွယ်ဝသောညီအစ်ကိုသည်မိမိ အားဘုရားသခင်နှိမ့်ကျစေတော်မူ
အခါဝမ်းမြောက်ရမည်။ အဘယ်ကြောင့်ဆို သော်ချမ်းသာကြွယ်ဝသူတို့သည်
ကဲ့သို့ညှိုးနွမ်းပျောက်ပျက်သွားမည်ဖြစ် သောကြောင့်တည်း။-✡
11 နေပူရှိန်သည်အပင်ကိုခြောက်သွေ့စေ၍ အပွင့်ကိုကြွေကျစေ၏။
သို့ဖြစ်၍ယင်း၏ တင့်တယ်လှပမှုသည်ပျက်စီးရသကဲ့သို့
ချမ်းသာကြွယ်ဝသူသည် မိမိ၏အလုပ် အကိုင်ကိုဆောင်ရွက်လျက်နေစဉ်ပျေ
ကွယ်ရလိမ့်မည်။

### စုံစမ်းနှောင့်ယှက်ခြင်းနှင့်သွေးဆောင်ခြင်း

---

✡ **1:1** မ၊ ၁၃:၅၅။ မာ၊ ၆:၃။ တ၊ ၁၅:၁၃။ ဂလ၊ ၁:၁၉။ ✡ **1:10** ယေရှာ၊ ၄၀:၆-၇။

အဘယ်အကျိုးရှိပါမည်နည်း။– 17 ယုံကြည်ခြင်းသည်လည်းထိုနည်းတူပင်ဖြ
သည်။ အကျင့်အားဖြင့်မပြနိုင်သောယုံကြည် ခြင်းသည်အသေဖြစ်သည်။
18 သို့ရာတွင်တစ်စုံတစ်ယောက်က``လူတစ်ဦး
မှာယုံကြည်ခြင်းရှိ၍အခြားတစ်ဦးမှာ အကျင့်ရှိသည်''
ဟုစောဒကတက်လျှင်``အကျင့် နှင့်ကင်းသည့်ယုံကြည်ခြင်းကိုငါ့အားပြလော့။
ငါမူကားအကျင့်အားဖြင့်ငါ၏ယုံကြည် ခြင်းကိုပြမည်''
ဟုငါဆိုပေအံ့။– 19 ဘုရားတစ်ဆူတည်းသာရှိသည်ကိုယုံကြည်
၏။ ကောင်းပေ၏။ နတ်မိစ္ဆာများပင်လျှင်ထိုသို့
ယုံကြည်၍ကြောက်ရွံ့တုန်လှုပ်ကြ၏။– 20 အချင်းလူမိုက်၊
အကျင့်နှင့်ကင်းသည့်ယုံ ကြည်ခြင်းသည် အချည်းနှီးဖြစ်ကြောင်းသိ
လိုသလော။– 21 ငါတို့၏ဘိုးဘေးအာဗြဟံသည် ဘုရား
သခင်နှင့်မှန်ကန်စွာဆက်ဆံမှုကိုအဘယ် သို့ရရှိသနည်း။
သူသည်မိမိသားဣဇာ က် ကို ပလ္လင်ပေါ်တွင်တင်လှူပူဇော်ခြင်းတည်း
ဟူသောအကျင့်အားဖြင့်ရရှိပေသည်။–✡ 22 သူ၏ယုံကြည်ခြင်းသည်အကျင့်နှ
လျက်နေသည်ကို သင်မသိမမြင်သလော။ အကျင့်အားဖြင့်သူ၏ယုံကြည်ခြင်
ပြည့်ဝစုံလင်၍လာ၏။– 23 သို့ဖြစ်၍``အာဗြဟံသည်ဘုရားသခင်အား
ယုံကြည်၏။ သူ၏ယုံကြည်မှုကြောင့်ဘုရား သခင်သည်
သူ့အားဖြောင့်မတ်သူအဖြစ် လက်ခံတော်မူသည်''
ဟူသောကျမ်းစကား သည်မှန်ကန်၍လာ၏။ ထို့ကြောင့်အာဗြဟံ
သည် ဘုရားသခင်၏အဆွေဟုခေါ်ဝေါ် ခြင်းကိုခံရ၏။–
✡ 24 သို့ဖြစ်၍လူသည်ယုံကြည်ခြင်းအားဖြင့် သာမဟုတ်ဘဲ
ဘုရားသခင်နှင့်မှန်ကန်စွာ ဆက်ဆံမှုကိုရရှိနိုင်ကြောင်းသင်တို့သိ
ကြ၏။
25 ပြည့်တန်ဆာမရာခပ်၏အကြောင်းမှာလည်း
ထိုနည်းအတိုင်းပင်ဖြစ်၏။ သူသည်ဣသရေလ
သူလျှိုများကိုကြိုဆိုလက်ခံပြီးနောက် အခြား လမ်းဖြင့်ထွက်ခွာသွားနိုင်ရန်ကူ
ပေသည်။ ဤအမှုကြောင့်သူသည်ဘုရား သခင်နှင့်မှန်ကန်စွာဆက်ဆံမှုကိုရရှိ
26 ထို့ကြောင့်ဝိညာဉ်နှင့်ကင်းသောကိုယ်ခန္ဓာသည်
အသေဖြစ်သကဲ့သို့ အကျင့်နှင့်ကင်းသည့် ယုံကြည်ခြင်းသည်အသေဖြစ်သတ

# 3

✡ **2:21** က၊ ၂၂:၁-၁၄။ ✡ **2:23** က၊ ၁၅:၆။ ၆ရော၊ ၂၀:၇။ ဟေရှာ၊ ၄၁:၈။ ✡ **2:25** ယောရှု၊ ၂:၁-၂၁။

# ဗျာဒိတ်ကျမ်း

နိဒါန်း

သခင်ယေရှုခရစ်ကိုယုံကြည်ကိုးကွယ်မှု ကြောင့် ခရစ်ယာ န်တို့ညှဉ်းပန်းနှိပ်စက်ခြင်း ခံကြရချိန်၌ ဗျာဒိတ်ရူပါရုံကိုယောဟန် မြင်ရ၍ဗျာဒိတ်ကျမ်းကိုရေးသားခြင်းဖြစ် ပေသည်။ ကျမ်းပြုသူ၏အဓ္ဓ ဋ္ဌိကရည်ရွယ်ချက်မှာ ဤကျမ်းကိုဖတ်ရှုရသူတို့သည်မျှော်လင့် ချက်ရှိပြီးစိတ်အားတက်စေရန်နှင့်ဒ ဒုက္ခရောက်ချိန်၊ ညှဉ်းပန်းနှိပ်စက်ခြင်းခံရ ချိန်တို့၌ သူတို့၏ယုံကြည်ခြင်းခိုင်မာ စေရန်ဖြစ်ပေသည်။

ဤကျမ်းတွင်ထိုခေတ်ထိုအခါကခရစ်ယာန် များမှလွဲ၍အခြားသူအပေါင်းဖေ နိုင်ရန် ခက်ခဲသည့်အမှတ်လ က္ခ ခဏာများဖြင့် ဖော်ပြထားသောဗျာဒိတ်ရူပါရုံအများ အပြားပါရှိ၏။ ဤကျမ်း၏အဓ္ဓ ဋ္ဌိကအကြောင်း အရာကိုဗျာဒိတ်ရူပါရုံအမျိုးမျိုးဖြင့် အဖန် ဖန်အထပ်ထပ်တင်ပြထားလေသည်။ ယနေ့ ခေတ်တွင်ဤကျမ်းကိုအသေးစိတ်အနက် အဓ္ဓ ဋ္ဌိ ပ္ပ ပါယ်ဖွင့်ဆိုရာတွင် သဘောကွဲလွဲမှု များရှိသည်။ သို့ရာတွင်ဤကျမ်း၏အဓ္ဓ ဋ္ဌိ ကအကြောင်းအရာသည်ကား ရှင်းလင်း ပြတ်သားလျက်ရှိပေသည်။ ယင်းအဓ္ဓ ဋ္ဌိက အကြောင်းအရာမှာထာဝရဘုရားသည် သခင်ယေရှုခရစ်တော်အားဖြင့် စာတန် အပါအဝင်ရန်သူအပေါင်းတို့အားနော ဆုံးသောကာလ၌ အပြီးအပြတ်နှိမ်နင်း အောင်မြင်တော်မူပြီးနောက်သစ္စာစော ကိုယ်တော်၏လူစုတော်အားမိုးကောင်းကင် သစ်၊ ကမ္ဘာမြေကြီးသစ်နှင့်ယှဉ်သောသုခ ချမ်းသာကိုခံစားစေတော်မူမည်ဖြစ် ကြောင်းတည်း။

**အကြောင်းအရာအကျဉ်းချုပ်**

နိဒါန်း ၁:၁-၈*

ပဏာမဗျာဒိတ်ရူပါရုံ၊ အသင်းတော် (၇) ပါးသို့ပေးပို့ သည့်စာများ ၁:၉-၃:၂၂*

ချိပ်တံဆိပ်ခုနစ်ခုပါသည့်စာစောင် ၄:၁-၈:၁*

တံပိုးခရာခုနစ်ခု ၈:၂-၁၁:၁၉*

လည်းထိတ်လန့်ကြကုန်၏။-✡ 12 ထိုနောက်ပရောဖက်နှစ်ပါးတို့သည်``ဤအရ
သို့တက်ခဲ့လော့'' ဟုကောင်းကင်မှမိမိတို့ အားကျယ်စွာပြောသောအသံကိုကြ
ရ၏။ သူတို့သည်ရန်သူများစောင့်ကြည့်နေ စဉ်
မိုးတိမ်တိုက်ကိုစီး၍ကောင်းကင်သို့တက် သွားကြ၏။-✡
13 ထိုခဏ၌မြေလျင်ပြင်းစွာလှုပ်သဖြင့် မြို့ကြီး၏ဆယ်ပုံတစ်ပုံပျက်စီး၍လူ
ခုနစ်ထောင်သေကြ၏။ ကြွင်းကျန်သောသူ တို့သည်ထိတ်လန့်လျက်ကောင်းက
ဘုရားသခင်၏ဂုဏ်တော်ကိုချီးကူးကြ ကုန်၏။✡
14 ဒုတိယအမင်္ဂလာကားကုန်လွန်သွားလေပြီ။ တတိယအမ ်
ဂလာသည်မကြာမီလာ လိမ့်မည်။

သတ္တမတံပိုးခရာမှုတ်ခြင်း

15 ထိုနောက်သတ္တမကောင်းကင်တမန်တံပိုးခရာ
မှုတ်လိုက်သောအခါ``ကမ္ဘာလောကကိုအုပ်စိုး သောအာဏာသည်
ငါတို့အရှင်နှင့်ကိုယ်တော် ၏မေရှိယလက်ထဲသို့ရောက်လာလေပြီ။
ကိုယ်တော်သည်ကမ္ဘာအဆက်ဆက်စိုးစံတော် မူလိမ့်မည်''
ဟုကောင်းကင်မှကျယ်စွာပြော သောအသံများကိုကြားရ၏။-
✡ 16 ထိုအခါဘုရားသခင်၏ရှေ့တော်ရှိပလ္လင်ပေါ် ၌
ထိုင်လျက်နေသောအကြီးအကဲနှစ်ဆယ့် လေးပါးတို့သည်ဘုရားသခင်အားပျ
ဝပ်ရှိခိုးလျက်၊
17 ``ပစ္စုပ္ပန်၊ အတိတ်ကာလတို့၌ရှိတော်မူသော အန န္
တတန်ခိုးရှင်ထာဝရဘုရားသခင်၊
ကိုယ်တော်သည်မိမိ၏မဟာတန်ခိုးတော် ကို သုံးတော်မူလျက်
လောကကိုအုပ်စိုးတော်မူပြီဖြစ်၍ ကျေးဇူးတော်ကိုချီးမွမ်းပါ၏။
18 ကိုယ်တော်၏အမျက်တော်သက်ရောက်ရာ ကာလသည်လည်းကောင်း၊
သေလွန်သူတို့ကိုတရားစီရင်တော်မူရာ ကာလသည်လည်းကောင်း
ယခုအခါကျရောက်လာပြီဖြစ်၍လူမျိုး အပေါင်းတို့သည်အမျက်ထွက်ကြပါ၏
ကိုယ်တော်၏အစေခံပရောဖက်များ၊ ကိုယ်တော်၏
လူစုဝင်အပေါင်း၊
ကိုယ်တော်ကိုကြောက်ရွံ့ရိုသေသူ၊ အကြီး အငယ်တို့
ဆုလာဘ်တော်ကိုခံယူရန်

✡ **11:11** ယေဇ၊ ၃၇:၁၀။ ✡ **11:12** ၃ရာ၊ ၂:၁၁။ ✡ **11:13** ဗျာ၊ ၆:၁၂၊ ၁၆:၁၈။
✡ **11:15** ထွ၊ ၁၅:၁၈။ ဒံ၊ ၂:၄၄၊ ၇:၁၄၊၂၇။

မိမိ၏ခံတွင်းမှရေကို မြစ်သဖွယ်မှုတ်ထုတ်လိုက်၏။-
16 သို့ရာတွင်မြေကြီးသည်မိမိ၏ခံတွင်းကို ဖွင့်၍
နဂါးမှုတ်ထုတ်လိုက်သောမြစ်ရေကို မျိုချကာအမျိုးသမီးအားကယ်ဆယ်
လိုက်သည်။- 17 ထိုအခါနဂါးသည်အမျက်ထွက်သဖြင့်
အမျိုးသမီး၏ကျန်ကြွင်းနေသေးသော သားမြေးများတည်းဟူသော
ဘုရားသခင် ၏ပညတ်တော်တို့ကိုစောင့်ရှောက်၍သခင်
ယေရှုဖော်ပြတော်မူသော သမ္မာတရားတော် ကိုသစ္စာရှိစွာထိန်းသိမ်းသူများအ
ခိုက်ရန်ထွက်ခွာသွား၏။- 18 နဂါးသည်ပင်လယ်ကမ်းခြေတွင်ရပ်လျက်နေ၏

# 13

သားရဲနှစ်ကောင်

1 ထိုနောက်ပင်လယ်ထဲမှဦးချိုဆယ်ချောင်း နှင့်ဦးခေါင်းခုနစ်လုံးရှိသော
သားရဲတစ် ကောင်တက်လာသည်ကိုငါမြင်ရ၏။
သူ၏ ဦးချိုတစ်ချောင်းစီတွင်သရဖူဆောင်းထား ၏။
သူ၏ဦးခေါင်းတစ်လုံးစီပေါ်၌လည်း ဘုရားသခင်၏အသရေတော်ကိုရှုတ်ချ
သည့်အမည်နာမကိုရေးသားထား၏။-✡ 2 ငါမြင်ရသည့်သားရဲသည်ကျားသစ်
၏။ သူ၏ခြေတို့သည်ဝက်ဝံခြေများနှင့်တူ၍ သူ၏နှုတ်သည်ခြင်္သေ့၏နှုတ်နှ
နဂါး သည်မိမိ၏တန်ခိုးနှင့်မိမိ၏ပလ္လင်ကိုလည်း ကောင်း၊
ကြီးမားသောအာဏာစက်ကိုလည်း ကောင်းထိုသားရဲအားပေးအပ်၏။-
✡ 3 သူ၏ဦးခေါင်းတစ်လုံးမှာသေလောက်သည့်
ဒဏ်ရာရထားသကဲ့သို့ရှိသော်လည်း ထို ဒဏ်ရာမှာပျောက်ကင်းလျက်နေလေ
ကမ္ဘာ သူကမ္ဘာသားအပေါင်းတို့သည်ထိုသားရဲ အားအံ့သြလျက်သူ၏နောက်
ကုန်၏။- 4 နဂါးသည်မိမိ၏အာဏာကိုသားရဲအား
အပ်နှင်းပေးသူဖြစ်သဖြင့် လူတို့သည်နဂါး ကိုကိုးကွယ်ကြ၏။
လူတို့က``ဤသားရဲနှင့် အဘယ်သူတူပါသနည်း။
သူ့အားအဘယ် သူဆိုင်ပြိုင်တိုက်ခိုက်နိုင်ပါသနည်း'' ဟုဆို
လျက်သားရဲကိုလည်းရှိခိုးကြ၏။
5 ထိုသားရဲသည်ကြွားဝါ၍ဘုရားသခင်အား ပြစ်မှားပြောဆိုခွင့်ကိုလည်းကေ
လေးဆယ့် နှစ်လပတ်လုံးအုပ်စိုးပိုင်ခွင့်ကိုလည်းကောင်း
ရရှိထား၏။-✡ 6 သူသည်ဘုရားသခင်နှင့်ကိုယ်တော်၏နာမ
တော်ကိုလည်းကောင်း၊ ကိုယ်တော်ကျိန်းဝပ်တော်

✡ **13:1** ဒံ၊ ၇:၃။ ဗျာ၊ ၁၇:၃၊၇-၁၂။ ✡ **13:2** ဒံ၊ ၇:၄-၆။ ✡ **13:5** ဒံ၊ ၇:၈၊၂၅၊ ၁၁:၃၆။

